**Acknowledgement**

This is an informal translation of the Beirut Declaration on Faith for Rights. All reasonable efforts have been made to ensure this is an accurate translation. This version is a translation of the original document in English and shall serve as information purposes only. In the case of a discrepancy, the English original shall prevail.

The translation of this document from English into Burmese was jointly commissioned by the following organisations.

Asia-Pacific Centre for the Responsibility to Protect

APPAP Asia Pacific Partnership ATROCITY PREVENTION

APHR ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

International Panel of Parliamentarians for Freedom of Religion or Belief

Faith for Rights

UNITED NATIONS HUMAN RIGHTS OFFICE OF THE HIGH COMMISSIONER

# "လူ့အခွင့်အရေးဆိုင်ရာ ဘာသာရေးယုံကြည်သက်ဝင်မှု" ဘေရွတ်ကြေညာစာတမ်း

"ကမ္ဘာပေါ်တွင် စိတ်ဝိညာဉ်များစွာရှိသကဲ့သို့ ဘုရားသခင်ထံသို့ရောက်ရန်လမ်းကြောင်းများစွာရှိ၏။"

(Rumi)[i]

၁။ လူ့အခွင့်အရေးနယ်ပယ်တွင် အလုပ်လုပ်ကိုင်ကြသည့် သက်ဝင်ယုံကြည်မှုအခြေပြုနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများမှ တက်ကြွလှုပ်ရှားသူများဖြစ်ကြသော ကျွန်ုပ်တို့သည် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး (OHCHR)[ii] မှစတင်ခဲ့သော အစည်းအဝေးဖြစ်စဉ်များ၏ နိဂုံးချုပ်အဖြစ် ၂၀၁၇ ခုနှစ် မတ်လ ၂၈-၂၉ တွင် ဘေရွတ်တွင် တွေ့ဆုံစုဝေးခဲ့ကြကာ ကျွန်ုပ်တို့၏သက်ဆိုင်ရာ ကိုးကွယ်သည့်ဘာသာများနှင့် သက်ဝင်ယုံကြည်မှုများသည် **လူသားအားလုံး၏ ဂုဏ်သိက္ခာနှင့် တန်းတူညီမျှတန်ဖိုးရှိမှုကို ထိန်းသိမ်းနိုင်ရန်** ဘုံသဘောတူကတိကဝတ်ကိုမျှဝေကာ နက်ရှိုင်းသည့် ခံယူချက်အား ဖော်ပြခဲ့ကြသည်။ ထို့ကြောင့် မျှတသောလူ့တန်ဖိုးများနှင့် တန်းတူညီမျှဂုဏ်သိက္ခာသည် ကျွန်ုပ်တို့၏ယဉ်ကျေးမှု၏ ဘုံအခြေခံအကြောင်းရင်းဖြစ်သည်။ ဘာသာရေးယုံကြည်သက်ဝင်မှု နှင့် လူ့အခွင့်အရေးများသည် အပြန်အလှန် အားဖြည့်သော ကဏ္ဍများဖြစ်သင့်သည်။ လူတစ်ဦးချင်းစီနှင့် လူအစု အသိုင်းအဝိုင်းတို့၏ ကိုးကွယ်သည့် ဘာသာနှင့် သက်ဝင်ယုံကြည်မှုများကို ထုတ်ဖော်ပြောဆိုမှုများသည် လူတစ်ဦးတစ်ယောက်ချင်းစီ၏ တန်းတူညီမျှမှုအပေါ် အခြေခံ၍ လူ့အခွင့်အရေးများကို အကာအကွယ်ပေးသည့် ပတ်ဝန်းကျင်တွင် ရှင်သန်ဖွံ့ဖြိုးလာသည်။ ထို့အတူပင် လူ့အခွင့်အရေးများသည်လည်း ကိုးကွယ်သည့်ဘာသာ (သို့မဟုတ်)သက်ဝင်ယုံကြည်မှုများအရ နက်ရှိုင်းစွာအမြစ်တွယ်နေသော ကျင့်ဝတ်နှင့်ဝိညာဉ်ရေးရာ အခြေခံများမှ အကျိုးခံစားရရှိနိုင်သည်။

၂။ ကျွန်ုပ်တို့၏သက်ဆိုင်ရာ ကိုးကွယ်သည့်ဘာသာ (သို့မဟုတ်) သက်ဝင်ယုံကြည်မှုဆိုင်ရာ ယုံကြည်ခံယူချက်များသည် လွှဲပြောင်း၍မရရှိနိုင်သည့် လူသားတို့၏ခံစားပိုင်ခွင့် နယ်ပယ်တစ်ခုလုံးကို အကာအကွယ်ပေးသည့် ရင်းမြစ်တစ်ခုအဖြစ် ကျွန်ုပ်တို့နားလည်ထားသည်။ ထိုခံစားခွင့်များတွင် အသက်ရှင်သန်ခွင့်ဆုလက်ဆောင်ကို ထိန်းသိမ်းခြင်း၊ အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ၊ သက်ဝင်ယုံကြည်မှု၊ ထင်မြင်ယူဆပိုင်ခွင့် နှင့် ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ လွတ်လပ်ခွင့် မှစ၍ အကြမ်းဖက်မှုပုံစံအားလုံးအပါအဝင် လိုချင်တပ်မက်မှုနှင့်ကြောက်ရွံ့မှုတို့မှ လွတ်မြောက်ခွင့်စသဖြင့် ပါဝင်ပါသည်။

- "လူတစ်ဦးတစ်ယောက်၏ အသက်ကို ကာကွယ်စောင့်ရှောက်သည့် မည်သူမဆိုသည် တစ်ကမ္ဘာလုံးကို ကာကွယ်စောင့်ရှောက်ထားသည်သည်ဟု သမ္မာကျမ်းစာအားဖြင့် မှတ်ယူနိုင်သည်။" (Talmud, Sanhedrin, 37,a)

- "မည်သူမဆို လူတစ်ဦးတစ်ယောက်ကို (အသက်ဘေးအန္တရာယ်မှ ကယ်ဆယ်ခြင်းအားဖြင့်) အသက်ရှင်စေခဲ့ပါမူ ထိုသူသည် လူအပေါင်းတို့အား အသက်ရှင်စေဘိသကဲ့သို့ပင်ဖြစ်၏။" (ကုရ်အာန် ၅:၃၂)

- "ထိုသူက၊ သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှနှင့် ချစ်လော့။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ဟု ပြန်လျှောက်လေ၏။" (ရှင်လုကာ ခရစ်ဝင်ကျမ်း ၁၀:၂၇)

- "သို့ဖြစ်ပေရာ ၎င်းတို့သည် ဤအိမ်တော် (ကအ်ဗဟ် ကျောင်းတော်)၏ အရှင်မြတ်အား ဆည်းကပ်ကိုးကွယ်ကြရာကုန်၏။ အကြင်အရှင်မြတ်သည် ၎င်းတို့အား ဆာလောင်မွပ်သိပ်သောအခါ၌ (တစ်နည်း) ဆာလောင်မွပ်သိပ်ခြင်းမှ ကင်းလွတ်ရန် အဟာရကျွေးမွေးတော်မူခဲ့၏။ ထိုမှတပါး ၎င်းတို့အား စိုးရိမ်သောအခါ၌ (တစ်နည်း) စိုးရိမ်မှုဘေးရန် ကင်းငြိမ်းစေတော်မူခဲ့ပေသတည်း။" (စူရတွလ်ကုရိုက်(ရှ်) အခန်းငယ် ၃:၄)

- "လူတစ်ယောက်ကိုသာ ကမ္ဘာဦးတွင်ဖန်ဆင်းခဲ့ခြင်းသည် အကယ်၍ တစ်စုံတစ်ဦးသည် လူတစ်ဦး တစ်ယောက်အားပျက်စီးစေလျှင် သူသည်ကမ္ဘာတစ်ခုလုံးကို ဖျက်ဆီးပစ်လိုက်ခြင်း ဖြစ်ကြောင်းနှင့် လူ့အသက်တစ်ချောင်းကို ကယ်တင်ပါက သူသည်ကမ္ဘာတစ်ခုလုံးကို ကယ်တင်ခဲ့ပြီးဖြစ်ကြောင်းကို သင်ကြားပေးရန်ဖြစ်သည်။ (Mishna Sanhedrin 4:5)

- "ကျွန်ုပ်တို့သည် အတူတကွရပ်တည်၍ ထုတ်ပြန်ချက်များကို စုပေါင်းထုတ်ပြန်ပြီး ကျွန်ုပ်တို့၏ အတွေးများသည် တစ်ခုတည်းဖြစ်ပါစေ။" (Rigveda 10:191:2)

- "ငါသည် မိမိကိုယ့်ကိုယ်ကို မနှစ်မြို့ဖွယ်ကောင်းသောအရာများသည် မည်မျှပင် သေးငယ်နည်းပါး စေကာမူ ကာကွယ်ပေးသည့်နည်းတူ ငါသည်အခြားသူများအပေါ်လည်း သနားကြင်နာတတ်သောနှင့် ဂရုစိုက်သောစိတ်ဖြင့်ပြုမူသင့်သည်။ (Shantideva, A Guide to the Bodhisattva's Way of Life)

- "ကျွန်ုပ်တို့၏ ကလေးများအတွက် ကျွန်ုပ်တို့ ဘယ်လိုဘဝအသက်တာကို ဖန်တီးပေးနိုင်မည်ကို မြင်နိုင်ရန် ကျွန်ုပ်တို့၏အတွေးများကို အတူတကွထားကြပါစို့။" (မျိုးနွယ်စုခေါင်းဆောင် ဆစ်တင်းဘူး၊ လာကိုတာ)

၃။ အထက်ပါအချက်များအပေါ်အခြေခံ၍ အခြားယုံကြည်မှုရင်းမြစ်များစွာအနက်မှ ကျွန်ုပ်တို့၏ ကိုးကွယ်သည့်ဘာသာ (သို့မဟုတ်) သက်ဝင်ယုံကြည်မှုဆိုင်ရာ ယုံကြည်မှုများသည် မည်သည့်

အခြေခံတွင်မဆို ခွဲခြားမှုမရှိပဲ လူ့ဂုဏ်သိက္ခာ နှင့် လူတစ်ဦးချင်းစီနှင့် လူမှုအသိုင်းအဝန်းအားလုံး၏ လွတ်လပ်ခွင့်အတွက်အကာအကွယ်ပေးသည့် အခြေခံအရင်းအမြစ်များဖြစ်သည်ဟု ယုံကြည်ကြသည်။ ဘာသာရေး၊ လူ့ကျင့်ဝတ် နှင့် အတွေးအခေါ် ဆိုင်ရာ ပြဌာန်းစာအုပ်များသည် အပြည်ပြည်ဆိုင်ရာဥပဒေရှေ့မှောက်တွင် လူသားတို့၏ တလုံးတဝတည်းရှိမှု၊ ဘဝရှင်သန်ခြင်း အခွင့်အရေး၏မြင့်မြတ်မှုနှင့် ယုံကြည်သူများ၏ စိတ်နှလုံးထဲတွင်အခြေပြုထားသည့် သက်ဆိုင်ရာ တစ်ဦးချင်းစီနှင့် စုပေါင်းတာဝန်များကို ထိန်းသိမ်းရန်ဖြစ်သည်။

၄။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အားစည်းလုံးစေသော ဘုံလူ့စံနှုန်းများကို ဖြန့်ဝေမည်ဟု ကတိပြုသည်။ ကျွန်ုပ်တို့သည် အချို့သောဘာသာရေးဆိုင်ရာမေးခွန်းများတွင် ကွဲပြားကြသော်လည်း အကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှု နှင့် ဘာသာရေးမုန်းတီးမှုများကိုအားပေးသည့် ထိုကွဲပြားခြားနားမှုများအပေါ် မည်သည့်ပုံစံအားဖြင့် အမြတ်ထုတ်ခြင်းကိုမဆို တိုက်ဖျက်ရန်ကတိပြုသည်။
- ငါအရှင်မြတ်သည် အသင်တို့အနက် အသီးသီးတို့အဖို့ တရားဓမ္မသတ်(နည်းဥပဒေ)တစ်မျိုးနှင့် ထင်ရှားလှစွာသောလမ်းစဉ်တစ်မျိုးကို သတ်မှတ်ပြဌာန်းပေးတော်မူခဲ့သည်။ အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် အလိုတော်မူခဲ့ပါမူ အသင်တို့(အားလုံး)ကို သာသနာဝင်တစ်မျိုးတည်း ဖြစ်စေတော်မူခဲ့မည်မှာ ဧကန်မလွဲပင်။ သို့ရာတွင် ထိုအရှင်မြတ်သည် မိမိပြဌာန်းပေးသနားတော်မူသည့် (တရားလမ်းစဉ်) နှင့်စပ်လျဥ်း၍ အသင်တို့အားစမ်းသပ်တော်မူခြင်းငှာ (ထိုကဲ့သို့ သာသနာဝင် တစ်မျိုးတည်း ဖြစ်စေတော်မမူခဲ့ချေ)။ သို့ဖြစ်ပေရာ အသင်တို့သည် ကောင်းမှုများကို သူ့ထက်ငါသာအောင် လျင်မြန်စွာပြုလုပ်ကြလေကုန်။ အသင်တို့အားလုံးသည် အလ္လာဟ်အရှင်မြတ် အထံတော်သို့သာလျှင် ပြန်လည် ရောက်ရှိကြမည်ဖြစ်ကုန်၏။ ထိုရောအခါဝယ်၊ ထိုအရှင်မြတ်သည် အသင်တို့ကွဲလွဲခဲ့ကြကုန်သော အကြောင်းအချက်တို့နှင့် စပ်လျဥ်း၍ အသင်တို့အား အသိပေးတော်မူမည် ဖြစ်သည်။ (ကုရ်အာန် ၅:၄၈)
- သင်တို့သည် အပင်တစ်ပင်တည်းမှသီးသော အသီးများဖြစ်ကြပြီး အကိုင်းတစ်ကိုင်းတည်းမှ အရွက်များဖြစ်ကြ၏။ (ဘဟာအူလာ)

၅။ ကျွန်ုပ်တို့သည် လူသားဖြစ်ခြင်းအနှစ်သာရနှင့် သူ/သူမ၏ရွေးချယ်ပိုင်ခွင့် အခွင့်အရေးများ၊ ကိုးကွယ်သည့်ဘာသာ (သို့မဟုတ်) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်တို့နှင့် ဆက်စပ်နေသည့် လွတ်လပ်ခွင့်အားလုံး၏ကနဦးမူလဖြစ်သော အတွေးအခေါ် နှင့် ဆင်ခြင်တုံတရား လွတ်လပ်ခွင့်မရှိပဲ ကိုးကွယ်သည့်ဘာသာ (သို့မဟုတ်) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်မရှိနိုင်ဟု ယုံကြည်သည်။

လူတစ်ဦးတစ်ယောက်သည် ဘာသာယုံကြည်မှုတိုင်း၏ အခြေခံဖြစ်ပြီး ချစ်ခြင်းမေတ္တာ၊ ခွင့်လွှတ်ခြင်းနှင့် လေးစားခြင်းတို့ဖြင့်ကြီးပြင်းလာသည်။

၆။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ပိုင်အတွေ့များ၊ မိမိကိုယ်ကျိုးစီးပွားနှင့် အပေါ်ယံခွဲခြားမှုများကို ဆန့်ကျင်ကာ **ငြိမ်းချမ်းပြီး အစွမ်းထက်သည့် အမွန်မြတ်ဆုံးသောရုန်းကန်မှုများကို** ဤနည်းအားဖြင့် ဘေရွတ်မှအစပြု၍ လေးလေးနက်နက် အတူတကွဆောင်ရွက်ခဲ့သည်။ ကျွန်ုပ်တို့သည် ဘာသာရေးတက်ကြွလှုပ်ရှားသူများအဖြစ် မိမိသက်ဆိုင်ရာအခန်းကဏ္ဍများကို တာဝန်ယူပြီးသည် နောက် ကျွန်ုပ်တို့တာဝန်ယူမှု၏ ဘုံမျှော်မှန်းချက်ကို ရှင်းလင်းဖော်ပြကာ ဟောပြောသွန်သင်မှုမှ တဆင့် လက်တွေ့လုပ်ဆောင်မှုသို့ ကျော်လွန်ပြောင်းလဲပြီးသည့်နောက်တွင် မတူကွဲပြားသော ကိုးကွယ်သည့် ဘာသာ (သို့မဟုတ်) ယုံကြည်မှုများကို သက်ဝင်သူများ၏ အပြန်အလှန်လက်ခံမှုနှင့် သဟာယစိတ်ဓာတ်တို့ကို ခိုင်ခိုင်လုံလုံမြှင့်တင်မည်ဖြစ်ပြီး မုန်းတီးမှု၊ ဆိုးယုတ်မှု၊ ကြိုးကိုင်ခြယ်လှယ်မှု၊ လောဘကြီးမှု၊ ရက်စက်ကြမ်းကြုတ်မှု နှင့် လူမဆန်မှုနှင့် ဆက်နွှယ်သောသောပုံစံများမှ အပျက်သဘောဆောင်သောတွန်းအားပေးလှုံ့ဆော်မှုတို့ကို အနိုင်ယူနိုင်ရန် သူတို့ကိုစွမ်းအားပေးပါမည်။ ကိုးကွယ်သည့်ဘာသာ (သို့မဟုတ်) သက်ဝင်ယုံကြည်မှုဆိုင်ရာ အသိုင်းအဝိုင်းများအားလုံးသည် ကျွန်ုပ်တို့၏ ဘုံလူသားဖြစ်မှုနှင့် လူသားတိုင်း၏ ဆင်ခြင်တုံတရား အကြွင်းမဲ့လွတ်လပ်ခွင့်ကို လေးစားမှုတို့ဖြင့် စေ့ဆော်မောင်းနှင်ပြီး လူတိုင်း၏တန်းတူညီမျှဂုဏ်သိက္ခာအတွက် လုပ်ဆောင်သော လမ်းကြောင်းကို တိတိကျကျပြင်ဆင်ထားသည့် ပြတ်သားသောခေါင်းဆောင်မှုလိုအပ်သည်။ ကျွန်ုပ်တို့သည် ပူးတွဲခေါင်းဆောင်မှုကွက်လပ်ကို ဖြည့်ဆည်းရာတွင် "လူ့အခွင့်အရေးဆိုင်ရာ ဘာသာရေးယုံကြည်သက်ဝင်မှု" (F4R) လှုပ်ရှားမှုများမှတဆင့် လွတ်လပ်မှုနှင့်မတူကွဲပြားမှုများကို ကာကွယ်ခြင်းအားဖြင့် မည်သည့်အားထုတ်ကြိုးပမ်းမှုကိုမျှ မကျန်သွားစေရန် ကတိပြုပါသည်။
- ထိုမှတစ်ပါး အသက်ဇီဝိန်ကိုလည်းကောင်း၊ ထိုအသက်ဇီဝိန်ကို စုံလင်အောင် ပြုလုပ်တော်မူသော အရှင်ကိုလည်းကောင်း၊ သက်သေထူတော်မူ၏။ တဖန်ထိုအရှင်မြတ်သည် ထိုအသက်ဇီဝိန်အတွင်း ဝယ်ထိုအသက်ဇီဝိန်၏ ပြစ်မှုဒုစရိုက်(၏အသိ)ကိုလည်းကောင်း၊ ကောင်းမှုသုစရိုက်(၏အသိ)ကို လည်းကောင်း၊ ထည့်သွင်းပေးတော်မူခဲ့၏။ စင်စစ်ကေန် ထိုအသက်ဇီဝိန်ကို သပ္ပာယ ဖြစ်အောင် စင်ကြယ်သန့်ရှင်းစေခဲ့သောသူသည် အောင်မြင်ခဲ့လေပြီ။ (ကုရ်အာန် ၉၁:၇-၉)
၇။ လက်ရှိ " လူ့အခွင့်အရေးဆိုင်ရာ ဘာသာရေးယုံကြည်သက်ဝင်မှု " ကြေညာစာတမ်းသည် ကမ္ဘာ့ဒေသ အသီးသီးတွင်ရှိသော ကိုးကွယ်သည့်ဘာသာနှင့် သက်ဝင်ယုံကြည်မှုများကို ကိုးကွယ်သူများထံသို့ သက်ဆိုင်သူအားလုံးမှ သဘောတူညီထားသော ဘုံအရေးယူဆောင်ရွက်မှုကို

အခြေခံသည့် လမ်းစဉ်ကိုအခြေခံ၍ စည်းလုံးညီညွတ်ပြီး ငြိမ်းချမ်းမှု နှင့် လေးစားမှုရှိသောလူ့အဖွဲ့အစည်းများ တိုးမြှင့်စေသည့်အယူအဆအဖြစ် သက်ရောက်စေကာ ၎င်း၏ရည်ရွယ်ချက်ကို သဘောတူသည့် တက်ကြွလှုပ်ရှားသူများအားလုံးကို လမ်းဖွင့် ပေးထားပါသည်။ (၎င်းနှင့်ရည်ရွယ်ချက်ချင်း တူညီသည့် တက်ကြွလှုပ်ရှားသူများအားလုံးအတွက် လမ်းဖွင့် ပေးထားပါသည်။) ကျွန်ုပ်တို့သည် လူ့အခွင့်အရေးဆိုင်ရာ ဘာသာရေးယုံကြည်သက်ဝင်မှု ကြေညာစာတမ်းကို ၎င်း၏ရှေ့မှအခြေခံ အုတ်မြစ်ကဲ့သို့ဖြစ်သော ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု (သို့မဟုတ်) အကြမ်းဖက်မှုများကို လှုံ့ဆော်မှုအပေါ် ရာဘတ်အစီအစဉ် (အောက်တိုဘာ ၂၀၁၂)၏ အရေးယူ ဆောင်ရွက်မှုများကဲ့သို့ တန်းတူတန်ဖိုးထားကာ ၎င်းတို့ နှစ်ရပ်လုံးအား တစ်ကမ္ဘာလုံးရှိ လူသားတိုင်းအားကိုယ်စားပြုသော ကမ္ဘာ့ကုလသမဂ္ဂ၏ ကူညီအားပေးမှုနှင့် ပံ့ပိုးမှုဖြင့် သန္ဓေတည်ကာ စီမံလုပ်ဆောင်ပြီး ကုလသမဂ္ဂအထူးကိုယ်စားလှယ်နှင့် သဘောတူစာချုပ်အဖွဲ့ဝင်များကဲ့သို့သော ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရားများအားဖြင့် ပြည့်စုံ ကြွယ်ဝစေသည်။

၈။ ဘာသာယုံကြည်မှုနှင့် အခွင့်အရေးများ၏ အကျိုးစီးပွားကို ချိတ်ဆက်နိုင်ရန်အတွက် အချိန်ကာလအတော်ကြာအတွင်း ကနဦးလှုပ်ရှားမှုများစွာကို ကြိုဆို ကြိုးပမ်းခဲ့ကြသော်လည်း ထိုကြိုးပမ်းမှုများအနက် တစ်ခုမှ ထိုရည်မှန်းချက်သို့ အပြည့်အဝမရောက်ရှိနိုင်ခဲ့ပေ။ ထို့ကြောင့် မုန်းတီးခြင်းအား လှုံ့ဆော်မှု၊ လူမှုအသိုင်းအဝိုင်းများ ပျက်သုန်းခြင်းမှ အကျိုးခံစားရသူများနှင့် တန်းတူညီမျှရှိကာ လွှဲပြောင်း၍မရရှိနိုင်သော လူသားဖြစ်မှုဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေမည့် စိုးရိမ်မှုကို လှုံ့ဆော်ဖန်တီးသူများထံမှ ကျွန်ုပ်တို့၏ ဘုံလူသားဖြစ်မှုကို ခုခံကာကွယ်ရာတွင် ဘာသာရေးတက်ကြွလှုပ်ရှားသူများအား ၎င်းတို့၏ဝတ္တရားများကို နိုင်ငံတော်အဆင့်နှင့် နိုင်ငံတကာအဆင့်တွင်ပါ တာဝန်ယူနိုင်ရန်ခွင့်ပြုသင့်ကြောင်း ကျွန်ုပ်တို့အခိုင်အမာယုံကြည်သည်။ လက်ရှိ F4R ကြေညာစာတမ်းနှင့်အတူ ကျွန်ုပ်တို့အားလုံးအကြား တူညီသော အခြေခံများကို ရှင်းလင်းထုတ်ဖော်ခြင်းနှင့် မည်သည့်ဘာသာယုံကြည်မှုသည် မည်သည့်အခွင့်အရေးများအတွက် မည်ကဲ့သို့ပိုမိုထိရောက်စွာ ရပ်တည်ပေးနိုင်မည့်နည်းလမ်းများကို သတ်မှတ်ကာ ထိုအချက် နှစ်ရပ်လုံးအား တစ်ခုနှင့်တစ်ခု ပိုမိုအားကောင်းလာစေရန် အထောက်အကူပြုနိုင်မည့် ပိုမိုနီးကပ်သော ဘာသာယုံကြည်မှုနှင့် အခွင့်အရေးများရရှိစေလာရန် ယခင်ကြိုးပမ်းခဲ့မှုများအပေါ် အခြေတည်၍ ကျွန်ုပ်တို့ အတူလက်တွဲပြီး နှလုံးသားများကို ပူးပေါင်း ရန်ရည်ရွယ်သည်။
- ဧကန်စင်စစ် လူသည် အမှန်ပင် ဆိုးရွားမှု၌ ရှိ၏။ အကြင်သူတို့မှတပါး ထိုသူတို့သည် (အီမာန်) သက်ဝင်ယုံကြည်ခဲ့ကြ၏။ ၎င်းပြင် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မူဆောက်တည်ခဲ့ကြ၏။ ထို့ပြင် အချင်းချင်းမှန်ကန်သော (သာသနာ ပေါ်၌ ကြံ့ခိုင်စွာ)

တည်ရှိကြရန်လည်းဆုံးမကြကုန်၏။ ထိုမှတပါး ၎င်းတို့သည် သည်းခံကြရန်လည်း အချင်းချင်း ဆုံးမကြကုန်သတည်း။ (ကုရ်အာန် ၁၀၃ : ၃)

၉။ လက်ရှိကြေညာစာတမ်းအပေါ် အခြေခံ၍ အလွှာပေါင်းစုံပူးပေါင်းမှုကို ထူထောင်ခြင်းအားဖြင့် ကျွန်ုပ်တို့ဟောပြောသွန်သင်သောအရာများကို လက်တွေ့ကျင့်သုံးရန်ရည်ရွယ်သည်။ အဆိုပါ အလွှာပေါင်းစုံပူးပေါင်းမှုကို လက်ရှိ F4R ကြေညာစာတမ်းကို လက်ခံပြီး ကတိကဝတ်ပြုထားသည့် စီမံကိန်းများကိုလက်တွေ့အကောင်အထည်ဖော်ခြင်းအားဖြင့် အမှန်တကယ်ထုတ်ဖော်ပြသသော လွတ်လပ်သောဘာသာရေးတက်ကြွလှုပ်ရှားသူများနှင့် ဘာသာယုံကြည်မှုအခြေပြု အဖွဲ့အစည်းများ အားလုံးအတွက် တံခါးဖွင့်ထားပါသည်။ ကျွန်ုပ်တို့၏ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရေး ယုံကြည်သက်ဝင်မှု ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းအဖွဲ့မှ ပုံမှန်ပြန်လည်သုံးသပ်နိုင်ရန် အတွက် တိကျသောဒေသများရှိ ခိုင်မာသောလုပ်ဆောင်မှုများအတွက် လမ်းညွှန်မြေပုံကိုလည်း ကျွန်ုပ်တို့ ရေးဆွဲပါမည်။

၁၀။ အထက်ပါရည်မှန်းချက် အောင်မြင်မှုရနိုင်ရန် အခြေခံမူငါးချက်ကို အပြည့်အဝလိုက်နာရန် ကျွန်ုပ်တို့ယုံကြည်သူများ (ဖန်ဆင်းရှင်ဘုရားကို သက်ဝင်သည့်ဝါဒဖြစ်စေ၊ ဖန်ဆင်းရှင်ဘုရားကို သက်ဝင်သည့်ဝါဒ မဟုတ်သည့်ဝါဒဖြစ်စေ၊ ဖန်ဆင်းရှင်ဘုရားမဲ့ဝါဒဖြစ်စေ (သို့) အခြားဝါဒများ ဖြစ်စေ[iii]) အနေဖြင့် ကတိပြုသည်။

က) ဒေသအဆင့်တွင် မိရိုးဖလာ ဘာသာယုံကြည်မှုများအကြား အပြန်အလှန်တွေ့ဆုံဆွေးနွေးမှုများမှ ခိုင်မာသည့်လုပ်ဆောင်မှုကို ဦးတည်သည့် ကျွန်ုပ်တို့၏ (F4R) စီမံချက်များအဖြစ်သို့ ကျော်လွန် ပြောင်းလည်းခြင်း။ အပြန်အလှန်တွေ့ဆုံဆွေးနွေးမှုသည် အရေးကြီးသော်လည်း ၎င်းတစ်ခုတည်းဖြင့် ပန်းတိုင်မရောက်နိုင်ပါ။ ကောင်းမွန်သော ရည်ရွယ်ချက်များသည် သက်ဆိုင်သည့်အကောင်အထည် ဖော်ဆောင်ရွက်မှုမရှိပါက ၎င်းတို့၏တန်ဖိုးကိုလည်း အကန့်အသတ် ဖြစ်စေပါသည်။ လက်တွေ့ မြေပြင်ပေါ်တွင် ပြောင်းလဲမှုသည် ရည်မှန်းချက်ပန်းတိုင်ဖြစ်ပြီး ညီညီညွတ်ညွတ် ပူးပေါင်း လုပ်ဆောင်မှုသည် ၎င်း၏ကျိုးကြောင်းဆီလျော်သည့် နည်းလမ်းဖြစ်သည်။

- "လုပ်ဆောင်ချက်အားဖြင့် လက်တွေ့ပြသသည့်အခါ ယုံကြည်ခြင်းသည် စိတ်နှလုံးထဲ၌ အခြေပြုသည်။" (Hadith / သြဝါဒတော်)

ခ) လက်ရှိ F4R ကြေညာစာတမ်းတွင် ဖော်ပြထားသည့်အတိုင်း ဘာသာယုံကြည်မှုအချင်းချင်းကြားနှင့် ဘာသာယုံကြည်မှုအတွင်း အမြင်ချင်းတူသောနယ်ပယ်များတွင် ဆောင်ရွက်နိုင်ရန် ဘာသာတရား

ဆိုင်ရာနှင့်အယူဝါဒဆိုင်ရာ ကွဲပြားမှုများကိုရှောင်ကျဉ်ခြင်း။ ဤကြေညာစာတမ်းသည် ဘာသာယုံကြည်မှုများအကြား အပြန်အလှန်တွေ့ဆုံဆွေးနွေးမှုများအတွက် နည်းလမ်းတစ်ခုအဖြစ်သာ သန္နိဋ္ဌာန်ချမှတ်ခဲ့ခြင်းမဟုတ်ပဲ လူသားအားလုံး၏ လူသားဖြစ်မှုဂုဏ်သိက္ခာကို ကာကွယ်ရန် ဘုံဆောင်ရွက်မှုများအတွက် ပူးတွဲလမ်းစဉ်တစ်ခုလည်းဖြစ်သည်။ ကျွန်ုပ်တို့သည် လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်ကိုလေးစားပြီး ဘာသာရေးဟောပြောသွန်သင်မှုများသည် ကွဲပြားသော အဆင့်ဆင့်တွင် အငြင်းပွားမှုအတိုင်းအတာတစ်ခုအထိ ဆက်လက်ဖြစ်ပွားနေသည်ကို ထင်ယောင်ထင်မှားမရှိပဲ လက်ခံသော်လည်း နိုင်ငံရေး နှင့် ပဋိပက္ခများတွင် ဘာသာယုံကြည်မှုများ၏ ကြိုးကိုင်ခြယ်လှယ်မှုကို စိန်ခေါ်ရန် ကျွန်ုပ်တို့ဆုံးဖြတ်ထားပါသည်။ ကျွန်ုပ်တို့သည် စည်းလုံးညီညွတ်မှု၊ ဆင်ခြင်တုံတရား၊ သနားကြင်နာမှု၊ အစွန်းမရောက်မှု၊ အမြင်ကျယ်မှု နှင့် လိုက်လျောညီထွေမှုရှိသည့် အခြေခံလူထု၏စုပေါင်းလုပ်ဆောင်မှုအတွက် မျှတမှုရှိပြီး ညီညွတ်သောအသံ ဖြစ်စေရန် ရည်ရွယ်သည်။

ဂ) ထောက်ထားစာနာတတ်ခြင်းသည် ကျွန်ုပ်တို့မြတ်နိုးသော အကျင့်သီလဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့၏ သက်ဆိုင်သည့် အသိုင်းအဝိုင်းများအတွင်းမှ မိမိတို့၏ အားနည်းချက်များနှင့် စိန်ခေါ်မှုများအပေါ် အဓိကအားဖြင့် အလေးပေးပြီး အရေးယူဆောင်ရွက်မှုပြုကာ ရပ်တည်ပါမည်။ ကျွန်ုပ်တို့အတွက် တန်ဖိုးအကြီးမားဆုံးဖြစ်သည့် သမာဓိ ခွန်အားကို ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းအတွင်းနှင့် အားလုံးပါဝင်သော ဆွေးနွေးမှုများ ပြုလုပ်ပြီးသည့်နောက်တွင် ကျွန်ုပ်တို့သည် ကမ္ဘာလုံးဆိုင်ရာပြဿနာများကို စုပေါင်း၍ တသမတ်တည်း ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်သည်။

ဃ) အထူးသဖြင့် ကိုးကွယ်သည့်ဘာသာ၊ သက်ဝင်ယုံကြည်မှု၊ ကျား/မ၊ နိုင်ငံရေး (သို့မဟုတ်) အခြားထင်မြင်ယူဆချက်၊ နိုင်ငံသား (သို့မဟုတ်) လူမှုအခြေခံဇာစ်မြစ်၊ (သို့မဟုတ်) အခြားမည်သည့်အဆင့်အတန်းမှမခွဲခြားဘဲ အကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှုတို့ကို လှုံ့ဆော်မှု (သို့မဟုတ်) တူညီသောဂုဏ်သိက္ခာကို ချိုးဖောက်စေသည့် မည်သည့်မုန်းတီးမှုကိုမဆို ထောက်ခံအားပေးခြင်းအား ဆန့်ကျင်၍ အသံတစ်ခုတည်းဖြင့် ပြောဆိုခြင်း။ မုန်းတီးမှု၊ မတရားမှု၊ ဘာသာရေးအခြေခံပေါ်မူတည်၍ခွဲခြားဆက်ဆံမှုများ (သို့မဟုတ်) ဘာသာရေးသည်းမခံမှု မည့်သည့်ပုံစံကိုမဆို လှုံ့ဆော်မှုများကို လူသိရှင်ကြား ရှုတ်ချခြင်းသည် လုံလောက်မှုမရှိပါ။ နှလုံးသားများနှင့် လူ့အဖွဲ့အစည်းများကို ထပ်တူထပ်မျှ ကုစားပေးနိုင်မည့် ဖေးကူနိုင်သော ဂရုဏာစိတ်နှင့် စည်းလုံးညီညွတ်မှုအားဖြင့် အမုန်းစကားများကို တုံ့ပြန်ပြုပြင်ပေးရန် ကျွန်ုပ်တို့တွင်

တာဝန်ရှိသည်။ ကျွန်ုပ်တို့၏တုံ့ပြန်ပြုပြင်ပေးသည့်စကားရပ်များသည် ကိုးကွယ်သည့်ဘာသာ (သို့မဟုတ်) သက်ဝင်ယုံကြည်မှုဆိုင်ရာ နယ်နိမိတ်ကန့်သတ်ချက်ကို ကျော်လွန်သင့်သည်။ ထိုကဲ့သို့သော နယ်နိမိတ်ကန့်သတ်ချက်များသည် ကြိုးကိုင်ခြယ်လှယ်သူများ၊ လူမျိုးတုံး သတ်ဖြတ်သူများ၊ လူထုအကြိုက်လိုက်သူများနှင့် အစွန်းရောက်အကြမ်းဖက်သူများအတွက် လွတ်လပ်သောခြေကုပ်မြေအဖြစ် ဆက်လက်မတည်ရှိသင့်တော့ပါ။

c) လူ့အခွင့်အရေးဆိုင်ရာ ဘာသာရေးယုံကြည်သက်ဝင်မှု (F4R)ပူးပေါင်းမှုများသည် လက်ရှိကြေညာစာတမ်းနှင့် ကိုက်ညီကာ လွတ်လပ်စွာထူထောင်နိုင်သည့် မည်သည့်ဒေသ၌မဆို ကျွန်ုပ်တို့သည် ဘာသာရေးဆိုင်ရာ အာဏာပိုင်များ နှင့် ဘာသာရေးလွှမ်းမိုးမှု ကင်းစင်သည့် အာဏာပိုင်များ၊ သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းများ နှင့် အစိုးရမဟုတ်သော သက်ဆိုင်သူများ နှင့် ပူးပေါင်းလုပ်ဆောင်ရန် လုပ်ဆောင်ရာတွင် ကျွန်ုပ်တို့၏ ဆင်ခြင်တုံတရားကိုသာ လိုက်နာကာ အပြည့်အဝလွတ်လပ်သည့် အပြုအမူဖြင့်သာ လုပ်ဆောင်သွားရန် ဆုံးဖြတ်ထားပါသည်။

၁၁။ ကျွန်ုပ်တို့၏ **အဓိကနည်းလမ်းနှင့် ကျွမ်းကျင်လိမ္မာမှု**မှာ ဤ F4R ကြေညာစာတမ်းတွင် ဖော်ပြထားသည့် ကျွန်ုပ်တို့၏ တူညီသည့်ခံယူချက်များကို ကြိုတင်ကာကွယ် တည်ဆောက်ထားသော နည်းလမ်းဖြင့် သန်းရာပေါင်းများစွာသော ဘာသာတရားသက်ဝင် ယုံကြည်သူများထံသို့ ရောက်ရှိ ပို့ဆောင်ပေးခြင်းပင်ဖြစ်သည်။ လူသားမျိုးနွယ်အတွက် ဘုံစိန်ခေါ်မှုများ၏ ပြဿနာများကို ရင်ဆိုင် ဖြေရှင်းရာတွင် လူသားအားလုံး၏ တန်းတူညီမျှ ဂုဏ်သိက္ခာကိုကာကွယ်ရန် အသံတစ်ခုတည်းဖြင့် ထုတ်ဖော်ပြောဆိုခြင်းသည် လူ့အခွင့်အရေးဆိုင်ရာ ဘာသာရေး ယုံကြည်သက်ဝင်မှုကို တန်းတူညီမျှ ဖြစ်စေသည်။ လူသားများသည် မည်သည့်ဘာသာသက်ဝင် ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ မည်သို့ပင်ဖြစ်စေကာမူ သဘောထားကြီးသည်းခံပေးရုံ ထက်စာလျှင် အပြည့်အဝ တန်းတူညီမျှလေးစားမှုကို ခံစားပိုင်ခွင့်ရှိသည်။ ကျွန်ုပ်တို့၏ တာဝန်မှာ ကျွန်ုပ်တို့၏သက်ဆိုင်ရာ လုပ်ပိုင်ခွင့်နယ်ပယ်အတွင်း ကျွန်ုပ်တို့၏ကတိကဝတ်များကို ထိန်းသိမ်း ထားရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘာသာသက်ဝင်ယုံကြည်သူများအားလုံးကိုလည်း ၎င်းတို့၏ ကိုးကွယ်သည့်ဘာသာ (သို့မဟုတ်) သက်ဝင်ယုံကြည်မှုသည် မည်သို့ပင်ရှိစေကာမူ ၎င်းတို့၏ နက်ရှိုင်းစွာစွဲကိုင်ထားသည့် တရားမျှတမှုဆိုင်ရာတန်ဖိုးများ၊ တန်းတူညီမျှမှုနှင့် လိုအပ်မှု ရှိနေသူများနှင့်

ချို့တဲ့သူများအား ဖြည့်ဆည်းရန်တာဝန် ဝတ္တရားများကို ကာကွယ်ရန် မိမိတို့တစ်ဦးချင်းစီ၏ တာဝန်ဝတ္တရားများကိုလက်ခံရန်တိုက်တွန်းပါသည်။

- လူသားတိုင်းသည် ဘာသာယုံကြည်မှုအားဖြင့် (သို့မဟုတ်) လူသားဖြစ်မှုအားဖြင့် သင်၏ညီအစ်ကိုများဖြစ်ကြသည်။ ( Imam Ali ibn Abi Talib)

- လူ့ဘဝသံသရာခရီးရှည်တွင် ဘာသာယုံကြည်မှုသည် အကောင်းဆုံးအဖော်မွန်ဖြစ်သည်။ (ဗုဒ္ဓ)

၁၂။ ကျွန်ုပ်တို့သည် ဘာသာရေးတက်ကြွလှုပ်ရှားသူများ၏ ပူးပေါင်းမှုအဖွဲ့မှ ဤကြေညာစာတမ်းကို လိုက်နာပြီး ၎င်းနှင့်အညီ လုပ်ဆောင်ရန်ရွေးချယ်ထားသည့် ကမ္ဘာ့နေရာအားလုံးရှိ **အခြေခံအဆင့်လူအများစုအတွက်**အရေးပါသော ထိုပန်းတိုင်ကို တိကျခိုင်မာသည့်နည်းဖြင့် အောင်မြင်ရရှိနိုင်ရန် ရည်မှန်းချက်ထားရှိသည်။ ကျွန်ုပ်တို့သည် နှစ်စဉ် ဒီဇင်ဘာလ ၁၀ ရက်နေ့တိုင်းတွင် ကမ္ဘာ့နေရာအနှံ့ ထင်ရှားသည့် အထိမ်းအမှတ်ဖြစ်သော လူ့အခွင့်အရေးဆိုင်ရာ ဘာသာရေးယုံကြည်သက်ဝင်မှု လမ်းလျှောက်ခြင်းအစီအစဉ်မှတဆင့် ကျွန်ုပ်တို့၏မတူကွဲပြားမှုကြားမှ စည်းလုံးမှုကို ထူးကဲစွာ ဖော်ပြခြင်းအပါအဝင် ပြုလုပ်ခြင်းအားဖြင့် တစ်ဦးနှင့်တစ်ဦး၏ လုပ်ဆောင်မှုများကို အပြန်အလှန် ထောက်ခံသွားပါမည်။

၁၃။ ၂၀၁၂ခုနှစ် ရာဘတ် လုပ်ဆောင်မှုအစီအစဉ်နှင့် နောက်ဆက်တွဲအစည်းအဝေးများကို အခြေခံ၍ ဘာသာရေးတက်ကြွလှုပ်ရှားသူများ၏ ဘုံမျှော်မှန်းချက်ကို လက်ရှိကြေညာစာတမ်းမှတဆင့် ရှင်းလင်းထုတ်ဖော်ခြင်းသည် **အဆိုးဘက်ခြမ်း၏အင်အားကိုလျှော့ချဖျက်သိမ်းရာတွင်** အလှည့်အပြောင်းဖြစ်စေနိုင်ပြီး နှလုံးသားများစွာအတွင်းရှိ ကြောက်ရွံ့မှုနှင့် မုန်းတီးမှုများအကြား ဆိုးရွားစွာ ပူးပေါင်းနေမှုကို ဖျက်သိမ်းရာတွင် အကူအညီပေးသည်။ ဘာသာရေးအမည်တပ်၍ အကြမ်းဖက်ခြင်းသည် ၎င်း၏အခြေခံအုတ်မြစ်များဖြစ်သည့် သက်ညှာခွင့်လွှတ်မှုနှင့် စာနာရိုင်းပင်းတတ်မှုတို့ကို အရေးနိမ့်စေပါသည်။ ဒေသန္တရအဆင့်၊ နိုင်ငံတော်အဆင့်၊ ဒေသတွင်းအဆင့်နှင့် ကမ္ဘာလုံးဆိုင်ရာအဆင့်တို့တွင် လူမှုအသိုင်းအဝိုင်းများအကြား လူမှုရေး၊ ဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဘာသာယုံကြည်မှုအခြေပြု စီမံချက်များမှတဆင့် ကျွန်ုပ်တို့သည် သက်ညှာခွင့်လွှတ်မှုနှင့် စာနာရိုင်းပင်းတတ်မှုတို့၏ သတင်းစကားကို စည်းလုံးညီညွတ်စွာ လက်တွေ့လုပ်ဆောင်မှုအဖြစ်သို့ ပြောင်းလဲရန်ရည်ရွယ်သည်။

၁၄။ ကျွန်ုပ်တို့သည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်စာတမ်းများတွင် ဖော်ပြထားသော တစ်ကမ္ဘာလုံးအသိအမှတ်ပြုထားသည့် တန်ဖိုးများကို ကျွန်ုပ်တို့အားလုံးနှင့်သက်ဆိုင်သည့် **လူသားဖြစ်မှု၏ ဘုံစံနှုန်းများအဖြစ် အပြည့်အဝလက်ခံ**သည်။ ကျွန်ုပ်တို့သည် ဤ F4R ကြေညာစာတမ်းတွင် ကိုးကွယ်သည့်ဘာသာတရားများနှင့် သက်ဝင်ယုံကြည်မှုများသည် လူသား ဂုဏ်သိက္ခာ၊ အမှန်တရားနှင့် တရားမျှတမှုတို့အားလေးစားမှုအပေါ်တွင် တူညီသော အဓိက တန်ဖိုးထားမှုများကို မျှဝေသည်ဟူသော ခံယူချက်အပေါ် ပထမဦးဆုံး ကတိကဝတ်များကို အခြေပြု သည်။ "**လူတိုင်းသည်** မိမိ၏ပင်ကိုစရိုက်ကို လွတ်လပ်စွာ အပြည့်အဝဖွံ့ဖြိုးတိုးတက်ရန် ဖြစ်စေနိုင်သည့် တစ်ခုတည်းသောလူ့အဖွဲ့အစည်းအပေါ်တွင် **တာဝန်ရှိသည်"** ဟူသောအချက်အား ကျွန်ုပ်တို့၏လက်ခံမှုတွင်လည်း ဤကတိကဝတ်များကို အခြေပြုသည်။[iv] ကျွန်ုပ်တို့၏တာဝန်မှာ ကျွန်ုပ်တို့ဟောပြောသောအရာများကို လက်တွေ့ကျင့်သုံးရန်၊ လူသားဂုဏ်သိက္ခာကို ခြိမ်းခြောက်ခြင်း မခံရမီကတည်းကပင် ကာကွယ်မှုပေးနိုင်ရန်အတွက် အပြည့်အဝ ထိတွေ့ပါဝင်ရန်၊ ထုတ်ဖော် ပြောဆိုရန်နှင့် အရေးယူလုပ်ဆောင်ရန်ဖြစ်သည်။

- အို (မုအ်မင်န်) သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မည်သည့်အတွက်ကြောင့် မိမိတို့ မပြုလုပ်ကြသောကိစ္စကို (ပြုလုပ်လေဟန်) ပြောဆိုကြသနည်း။ အလ္လာဟ်အရှင်မြတ်အထံတော်တွင် အသင်တို့ မပြုလုပ်ကြသောအမှုကိစ္စကို (ပြုလုပ်လေဟန်) ပြောဆိုခြင်းသည် လွန်စွာမုန်းတီး စက်ဆုပ်ဖွယ်ကောင်းလှ၏။ (ကုရ်အာန် ၆၁:၂-၃)

- ကိုးကွယ်ရာမရှိသော သူအပေါင်းတို့၏အမှုကို စောင့်ခြင်းငှါ၊ စကားအသောသူတို့ဘက်မှာ နေ၍ပြောလော့။ စကားပြောလျက်၊ တရားသဖြင့်စီရင်လျက်၊ ဆင်းရဲငတ်မွတ်သောသူတို့၏ အမှုကို စောင့်လော့။ (သုတ္တံကျမ်း ၃၁:၈-၉)

၁၅။ **ဘာသာရေးဆိုင်ရာပညတ်ချက်များနှင့် တည်ဆဲအပြည်ပြည်ဆိုင်ရာဥပဒေရေးရာမူဘောင်များ** နှစ်ရပ်လုံးသည် ဘာသာရေးတက်ကြွလှုပ်ရှားသူများအပေါ် တာဝန်ဝတ္တရားများပေးအပ်သည်ဟု မှတ်ယူနိုင်သည်။ ဘာသာရေးတက်ကြွလှုပ်ရှားသူများအား လုပ်ပိုင်ခွင့် အာဏာပေးအပ်ခြင်းတွင် ဥပဒေပြုရေး၊ အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ အထောက်အကူဖြစ်သည့် အများပြည်သူဆိုင်ရာမူဝါဒများနှင့် ဒေသခံဘာသာရေးတက်ကြွလှုပ်ရှားသူများ၏ သက်ဆိုင်ရာ တက်ကြွလှုပ်ရှားသည့်နယ်ပယ်ဒေသများရှိ ပညာရေးနှင့်လူမှုရေးပြောင်းလဲမှု၏ အဓိကရင်းမြစ်များ အနက်မှတစ်ခုဖြစ်သည့် ၎င်းတို့၏ လိုအပ်ချက်များနှင့်အညီ လိုက်လျောညီထွေ ဖြစ်သည့် သင်တန်းများကဲ့သို့သော ကဏ္ဍများတွင် လုပ်ဆောင်ရန်လိုအပ်သည်။ အပြည်ပြည်ဆိုင်ရာ

သဘောတူစာချုပ်များနှင့် ပဋိညာဉ်စာချုပ်များသည် လူမျိုးတုံးသတ်ဖြတ်မှု၊ ဒုက္ခသည်အရေး၊ ဘာသာရေးခွဲခြား ဆက်ဆံမှုနှင့် ကိုးကွယ်သည့်ဘာသာ (သို့မဟုတ်)သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်စသည့် အဓိကကျသော ဥပဒေရေးရာဝေါဟာရများကို သတ်မှတ်ဖော်ပြပေးထားသည်။[v] ထိုအယူအဆများ အားလုံးသည် မတူညီသည့် ကိုးကွယ်သည့်ဘာသာနှင့် သက်ဝင်ယုံကြည်မှုများတွင် သဘောတရားအားဖြင့် အလားတူကိုက်ညီ ပါသည်။ ထို့အပြင် များစွာသောကြေညာစာတမ်းများနှင့် ဆုံးဖြတ်ချက်များ[vi] သည် ဤ F4R ကြေညာစာတမ်းတွင် ကျွန်ုပ်တို့လက်ခံယုံကြည်လက်ခံကာ စုစည်းထားသည့် ဘာသာရေးတက်ကြွလှုပ်ရှားသူများ၏အခန်းကဏ္ဍ နှင့်တာဝန်ဝတ္တရားများအတွက် လိုအပ်ချက်များကို ပံ့ပိုးပေးသည်။

၁၆။ ကျွန်ုပ်တို့သည် လူသားများအနေဖြင့် ကိုးကွယ်သည့်ဘာသာတရားများအား ပုံဖော်ခြင်းနှင့် မကြာခဏကြိုးကိုင်ခြယ်လှယ်သည့် အပြုအမူများအား ပြန်လည်တုံ့ပြန်ပြုပြင်ပေးရန် **လူသားများအားလုံးအပေါ် တာဝန်ရှိကြောင်း**ကိုသဘောတူလက်ခံသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လုပ်ဆောင်မှုများအတွက် တာဝန်ရှိသော်လည်း အရေးယူ လုပ်ဆောင်မှု လုံးဝမရှိ (သို့မဟုတ်) သင့်လျော်စွာနှင့် အချိန်မှီအရေးယူ လုပ်ဆောင်မှုမရှိပါက ပို၍ပင်တာဝန်ရှိသည်။
- ငါအရှင်မြတ်သည် သင်တို့တာဝန်ရှိသည့်အရာနှင့်ပတ်သက်၍ သင်တို့တစ်ဦးချင်းစီ ပြောဆိုလုပ်ဆောင်ခဲ့သည်များကို စုံစမ်းမေးမြန်းတော်မူမည်။ (ကုရ်အာန်၊ စူရတွဆ်ဆွာရ်ဖာသ်၊ ၂၄)
- အသီးသီးလုပ်သော အလုပ်သည် ထင်ရှားလိမ့်မည် (သမ္မာကျမ်းစာ၊ ကောရိန္သုသြဝါဒစာပဌမစောင် ၃:၁၃)

၁၇။ လူသားတစ်ဦးချင်းနှင့် အသိုင်းအဝိုင်းအစုအဖွဲ့များစုပေါင်း၍ ဂုဏ်သိက္ခာရှိသော ဘဝကို ကြောက်ရွံ့မှု၊ လိုချင်တပ်မက်မှုတို့မှကင်းဝေးပြီး ဘဝအသက်တာ၏ ကဏ္ဍအားလုံးတွင် လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ကို ခံစားရစေရန် အခွင့်အရေးများအားလုံးကို လူတိုင်းအတွက် မြှင့်တင်ကာကွယ်ပေးရန် နိုင်ငံတော်အစိုးရများသည် အဓိကတာဝန်ယူရသော်လည်း ကျွန်ုပ်တို့သည် ဘာသာရေးတက်ကြွလှုပ်ရှားသူများအနေဖြင့် (သို့မဟုတ်) ဘာသာသက်ဝင်ယုံကြည်သူတစ်ဦးချင်းအနေဖြင့် ကျွန်ုပ်တို့၏ဟောပြောသွန်သင်ခြင်း၊ သင်ကြားခြင်း၊ ဝိညာဉ်ရေးရာလမ်းညွှန်မှုနှင့် လူမှုရေးဆိုင်ရာထိတွေ့ဆက်ဆံမှုတို့နှင့်ပတ်သက်သည့် နယ်ပယ်အားလုံးတွင် **ဘုံလူသားဖြစ်မှုနှင့် တန်းတူညီမျှဂုဏ်သိက္ခာအတွက် ရပ်တည်ရန်** ပြတ်သားသည့်တာဝန်ယူရမည်ဖြစ်သည်။

- "မတရားမှု (သို့မဟုတ်) မှားယွင်းသောအပြုအမူကို မျက်မြင်တွေ့ရှိသူမည်သူမဆိုသည် သူ၏လက်ဖြင့် ထိုအပြုအမူ၏လမ်းကြောင်းကို ပြောင်းလဲစေရန်ပြုသင့်သည်။ အကယ်၍ သူ (သို့မဟုတ်) သူမသည် ထိုသို့မပြုနိုင်ပါက နှုတ်စကားများဖြင့်ပြုသင့်သည်။ အကယ်၍ သူ (သို့မဟုတ်) သူမသည် ထိုသို့ပြုရန်ပင်မတတ်နိုင်ပါက စိတ်နှလုံးဖြင့်ပြုသင့်ပြီး ၎င်းသည်ဘာသာယုံကြည်မှု၏ လက်တွေ့လုပ်ဆောင်မှုတွင် အားအနည်းဆုံးဖြစ်သည်။" (Hadith/ ဩဝါဒတော်)

၁၈။ **ဘာသာရေးအသိုင်းအဝိုင်းများ၊ သူတို့၏ခေါင်းဆောင်များနှင့် နောက်လိုက်များ**သည် နိုင်ငံတော်နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာစာချုပ်စာတမ်းများအရ အစိုးရအာဏာပိုင်များနှင့် မသက်ဆိုင်ဘဲ သီးခြားအခန်းကဏ္ဍတစ်ခုရှိနေပြီး တာဝန်ဝတ္တရားများကိုထမ်းဆောင်ရမည်ဖြစ်သည်။ ကိုးကွယ်သည့်ဘာသာ (သို့မဟုတ်) သက်ဝင်ယုံကြည်မှုကိုအခြေခံ၍ သည်းမခံနိုင်ခြင်း နှင့် ခွဲခြားဆက်ဆံမှုပြုခြင်းများအားလုံး ပပျောက်ရေးဆိုင်ရာ ၁၉၈၁ခုနှစ် ကုလသမဂ္ဂကြေညာစာတမ်း၏ အပိုဒ် ၂(၁) အရ " နိုင်ငံ၊ အဖွဲ့အစည်း၊ လူအုပ်စု နှင့် လူတစ်ဦးတစ်ယောက်တို့သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကိုးကွယ်သည့်ဘာသာ (သို့မဟုတ်) သက်ဝင်ယုံကြည်မှု အခြေခံများအပေါ်မူတည်၍ ခွဲခြားဆက်ဆံခြင်း မပြုရပါ"။ ဤပြဌာန်းချက်သည် ဘာသာရေး အဖွဲ့အစည်းများ နှင့် ခေါင်းဆောင်များသာမက ကိုးကွယ်သည့်ဘာသာ (သို့မဟုတ်) သက်ဝင်ယုံကြည်မှု အသိုင်းအဝိုင်းအတွင်းရှိ လူတစ်ဦးချင်းစီ၏ တိကျသော တာဝန်ဝတ္တရားများကို တည်စေသည်။

၁၉။ ထိရောက်သောထိန်းချုပ်မှုကို နားလည်သဘောပေါက်ခြင်း[vii] သည် ပဋိပက္ခဖြစ်ပွားနေသည့် အချိန်များတွင် အစိုးရမဟုတ်သောအဖွဲ့များ၏ တာဝန်ဝတ္တရားများအတွက်အခြေခံကို ပံ့ပိုးပေး သော်လည်း **နောက်လိုက်များ၏ စိတ်နှလုံးများနှင့် အတွေးများအပေါ် အချိန်တိုင်းတွင် မြင့်မားသည့်အတိုင်းအတာအထိ လွှမ်းမိုးမှုရှိအောင်** ကျင့်သုံးနေသည့် ဘာသာရေးခေါင်းဆောင် များတွင်လည်း အလားတူညီသည့် ဥပဒေရေးရာနှင့်ကျင့်ဝတ်ဆိုင်ရာ အကြောင်းပြချက်ကို ကျွန်ုပ်တို့တွေ့မြင်နိုင်သည်။

၂၀။ လူတစ်ဦးချင်းစီနှင့် လူအသိုင်းအဝိုင်း ရှင်သန်ဖွံ့ဖြိုးမှုအတွက် စကားပြောပုံဆိုပုံသည် အခြေခံကျသည်။ ၎င်းသည် လူသားထု၏ **အကောင်းနှင့် အဆိုးဘက်ခြမ်း နှစ်ဖက်စလုံးအတွက် အတိမ်းအစောင်းမခံသော ကြားခံဆက်သွယ်ရေးနည်းလမ်းများ**အနက်မှ တစ်ခုဖြစ်သည်။ စစ်ပွဲသည် အတွေးများတွင် စတင်ပေါ်ပေါက်လာပြီး မုန်းတီးမှုကို တိတ်တဆိတ်ထောက်ခံအားပေးခြင်းကြောင့် မီးလောင်ရာ လေပင့်သည့် စဉ်းစားဆင်ခြင်ခြင်းဖြင့် ပျိုးထောင်လာသည်။ အပြုသဘောဆောင်သော

စကားပြောပုံဆိုပုံသည် စိတ်နှလုံးများနှင့် အတွေးများတွင် ပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတို့၏ ပြန်လည်ကုစားပေးသည့် ကိရိယာတစ်ခုလည်းဖြစ်သည်။ စကားပြောပုံဆိုပုံသည် ရာဘတ်လုပ်ဆောင်မှုအစီအစဉ်၏ ရှင်းလင်းထုတ်ဖော်ထားသည့် သတ်မှတ်အဆင့်များပေါ် အခြေခံ၍ ဤ F4R ကြေညာစာတမ်းမှတစ်ဆင့် ၎င်းတို့ အကောင်အထည်ဖော်မှု အတွက် အချင်းချင်း အပြန်အလှန်အားပေးရန်နှင့် ကျွန်ုပ်တို့တာဝန်ယူရန် ကတိပြုရမည့် တာဝန် ဝတ္တရားများ၏ မဟာဗျူဟာအကျဆုံးနယ်ပယ်များအနက်မှ တစ်ခုဖြစ်သည်။

၂၁။ နိုင်ငံသား နှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာအပြည်ပြည်ဆိုင်ရာပဋိညာဉ် (အပိုဒ် ၂၀၊ စာပိုဒ် ၂)အရ နိုင်ငံများတွင် ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုများကိုလှုံ့ဆော်ပေးသော အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးမုန်းတီးမှုများကိုအားပေးသည့် မည်သည့်ထောက်ခံအားပေးမှုကိုမဆို တားမြစ်ရန် ဝတ္တရားရှိသည်။ ၎င်းတွင် **အချို့သော ဘာသာရေးခေါင်းဆောင်များ၏ ဘာသာယုံကြည်မှုအမည်ခံကာ မုန်းတီးမှုကို လှုံ့ဆော်ခြင်း** လည်းပါဝင်သည်။ ဟောပြောသူ၏ အဆင့်အနေအထား၊ အခြေအနေ၊ အကြောင်းအရာနှင့် တရားဒေသနာ၏အတိုင်းအတာများအရ ဘာသာရေးခေါင်းဆောင်များ၏ ထိုသို့သော ပြောဆိုထုတ်ပြန်ချက်များသည် မုန်းတီးမှုကိုလှုံ့ဆော်သည့် သတ်မှတ်အဆင့်နှင့် ကိုက်ညီဖွယ် ရှိနေသည်။ ထိုကဲ့သို့သော လှုံ့ဆော်မှုများကို တားမြစ်ပိတ်ပင်ရုံမျှနှင့် လုံလောက်မှုမရှိပေ။ အထူးသဖြင့် မုန်းတီးမှုသည် ကိုးကွယ်သည့်ဘာသာ (သို့မဟုတ်) သက်ဝင်ယုံကြည်မှုများ၏ အမည်ခံကာ အားပေးဆော်သြခြင်းခံရသောအခါ ပြန်လည်ရင်ကြားစေ့ရေးအတွက် ပြန်လည်ကုစားရေးဆိုင်ရာ ဆော်သြမှုပြုလုပ်ရန်မှာ ဘာသာရေးခေါင်းဆောင်များအပါအဝင် အားလုံးအတွက် တာဝန်တစ်ရပ် ဖြစ်သည်။

၂၂။ ဘာသာရေးခေါင်းဆောင်များ၏ တိကျသောအဓိကတာဝန်ဝတ္တရား ၃ ရပ်ကို ရှင်းလင်း ဖော်ပြပေးသော ၂၀၁၂ ရာဘတ်လုပ်ဆောင်မှုအစီအစဉ်[viii] သည် ဤနယ်ပယ်တွင် အရှင်းလင်းဆုံးနှင့် လတ်တလောလမ်းညွှန်မှုကို ပံ့ပိုးပေးသည်။

(က) ဘာသာရေးခေါင်းဆောင်များသည် အကြမ်းဖက်မှု၊ ရန်လိုမှု (သို့မဟုတ်) ခွဲခြားဆက်ဆံမှုများကို လှုံ့ဆော်ပေးသော အကဲဆတ်ခြင်းသတင်းစကားများကိုအသုံးပြုခြင်း (သို့မဟုတ်) ထုတ်ဖော် ပြောဆိုခြင်းတို့ကို ရှောင်ကြဉ်သင့်သည်။

(ခ) ဘာသာရေးခေါင်းဆောင်များသည် အကဲဆတ်မှု၊ ခွဲခြား ဆက်ဆံသော တရားသေ ရှုမြင်မှုနှင့် အမုန်းစကားများကို မဆိုင်းမတွ ဆန့်ကျင်ကြောင်း ခိုင်မာစွာ ထုတ်ဖော်ပြောဆိုသည့် အရေးပါလှသော အခန်းကဏ္ဍတွင်လည်း ပါဝင်သင့်ပါသည်။ နှင့်

(ဂ) ဘာသာရေးခေါင်းဆောင်များသည် အမုန်းတရားလှုံ့ဆော်မှုအပေါ် တုံ့ပြန်သည့်အနေဖြင့် အကြမ်းဖက်ခြင်းကို မည်သည့်အခါတွင်မှ လက်သင့်ခံမည်မဟုတ်ကြောင်း သိသာထင်ရှားစွာ ပြသထားသင့်ပါသည်။ ( ဥပမာ။ အကြမ်းဖက်မှုကို ကြိုတင်ဆွပေးခြင်းဖြင့် ကျိုးကြောင်းညီညွတ်ကြောင်း မပြနိုင်ပါ။)

www.ohchr.org/EN/Issues/FreedomReligion/Pages/FaithForRights.aspx

---

[i] ကိုးကွယ်သည့်ဘာသာ (သို့မဟုတ်) သက်ဝင်ယုံကြည်မှုဆိုင်ရာကျမ်းများမှ ကျမ်းကိုးများအားလုံးသည် ဘေရွတ်အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်ပါဝင်သူများမှ ၎င်းတို့၏ကိုးကွယ်သည့်ဘာသာ (သို့မဟုတ်) သက်ဝင်ယုံကြည်မှုတို့နှင့်ပတ်သက်၍ဖော်ပြခဲ့ခြင်းဖြစ်ပြီး ပြည့်စုံစေ့စပ်မှုမရှိပဲ သာဓကေဖြစ်စေယုံမျှသာ ရည်ရွယ်သည်။

[ii] OHCHR သည် ဆက်စပ်နေသည့် အပြည်ပြည်ဆိုင်ရာ အစည်းအဝေးများ၊ ကျွမ်းကျင်သူများ၏ နှီးနှောဖလှယ်ပွဲများနှင့် ဒေသတွင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ဂျီနီဗာ (အောက်တိုဘာ ၂၀၀၈)၊ ဗီယင်နာ (ဖေဖော်ဝါရီ ၂၀၁၁)၊ နိုင်ရိုဘီ (ဧပြီ ၂၀၁၁)၊ ဘန်ကောက် (ဇူလိုင် ၂၀၁၁)၊ စန်တီယေဂိုဒီချီလီ၊ )၊ ရာဘတ် (အောက်တိုဘာ ၂၀၁၂)၊ ဂျီနီဗာ (ဖေဖော်ဝါရီ ၂၀၁၃)၊ အမ်မန် (နိုဝင်ဘာ ၂၀၁၃)၊ မနာမာ (၂၀၁၄)၊ တူနီးရှား (အောက်တိုဘာ ၂၀၁၄ နှင့် ဧပြီ ၂၀၁၅)၊ နီကိုရှား (အောက်တိုဘာ ၂၀၁၅)၊ ဘေရွတ် (ဒီဇင်ဘာ ၂၀၁၅) နှင့် အမ်မန် (ဇန်နဝါရီ၂၀၁၇) တို့တွင် ဦးစီးကျင်းပခဲ့သည်။

[iii] ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ၊ အထွေထွေမှတ်ချက် အမှတ် ၂၂ (၁၉၉၃)၊ UN Doc. CCPR/C/21/Rev.1/Add.4, စာပိုဒ် ၂။

[iv] အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (၁၉၄၈) ၏ အပိုင်း ၂၉၊ စာပိုဒ် ၁

[v] ၎င်းတို့တွင် မျိုးနွယ်စုတစ်စုအား မျိုးဖြုတ်ခြင်းရာဇဝတ်မှု ကာကွယ်တားဆီးရေးနှင့် ပြစ်ဒဏ်ပေးခြင်းဆိုင်ရာညီလာခံ (၁၉၄၈)၊ ဒုက္ခသည်များ၏အခြေအနေနှင့် ပတ်သက်သော ညီလာခံ (၁၉၅၁)၊ လူမျိုးရေးခွဲခြားဆက်ဆံမှု ပုံစံအားလုံးပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာညီလာခံ (၁၉၆၅)၊ အပြည်ပြည်ဆိုင်ရာနိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ ပဋိညာဉ် (၁၉၆၆)၊ အပြည်ပြည်ဆိုင်ရာ

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ ပဋိညာဉ် (၁၉၆၆)၊ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ပုံစံအားလုံးပပျောက်ရေးဆိုင်ရာညီလာခံ (၁၉၇၉)၊ နှိပ်စက်ညှင်းပန်းခြင်းနှင့် အခြားရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော (သို့မဟုတ်) ဂုဏ်သိက္ခာကျဆင်းစေသော အရေးယူမှု (သို့မဟုတ်) ပြစ်ဒဏ်ပေးခြင်းဆိုင်ရာညီလာခံ (၁၉၈၄)၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ညီလာခံ (၁၉၈၉)၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏မိသားစုဝင်များ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာညီလာခံ (၁၉၉၀)၊ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာညီလာခံ (၂၀၀၆) နှင့် လူသားအားလုံးကို အတင်းအဓမ္မပျောက်ကွယ်ပျက်စီးစေခြင်းမှ ကာကွယ်ခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာညီလာခံ (၂၀၀၆) တို့ပါဝင်သည်။

vi ၎င်းတို့တွင် အပြည်ပြည်ဆိုင်ရာ နလူ့အခွင့်အရေးကြေညာစာတမ်း (၁၉၄၈)၊ ကိုးကွယ်သည့်ဘာသာ (သို့မဟုတ်) သက်ဝင်ယုံကြည်မှုကိုအခြေခံ၍ သည်းမခံနိုင်ခြင်း နှင့် ခွဲခြားဆက်ဆံမှုပြုခြင်းများအားလုံး ပပျောက်ရေးကြေညာစာတမ်း (၁၉၈၁)၊ တိုင်းရင်းသား သို့ လူမျိုးစု၊ ကိုးကွယ်သည့်ဘာသာ (သို့မဟုတ်) ဘာသာစကားအရ လူနည်းစုဝင်များမှ လူများ၏အခွင့်အရေးများဆိုင်ရာကြေညာစာတမ်းကို (၁၉၉၂)၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအစီအစဉ်များတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီ လှုပ်ရှားမှု နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအတွက် ကျင့်ဝတ်စည်းကမ်းများ (၁၉၉၄)၊ သည်းခံခြင်း၏အခြေခံမူများအပေါ်ယူနက်စကိုကြေညာစာတမ်း (၁၉၉၅)၊ ကိုးကွယ်သည့်ဘာသာ (သို့မဟုတ်) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်၊ သည်းခံမှုနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်းတို့နှင့် ပတ်သက်သည့် ကျောင်းပညာရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာအကြံပေးအဖွဲ့ ညီလာခံ၏ နောက်ဆုံးစာတမ်း(၂၀၀၁)၊ အများပြည်သူဆိုင်ရာ စာသင်ကျောင်းများရှိ ကိုးကွယ်သည့်ဘာသာနှင့် သက်ဝင်ယုံကြည်မှုများအကြောင်း သင်ကြားခြင်းနှင့်ပတ်သက်သည့် တိုလီဒိုလမ်းညွှန်အခြေခံမူများ (၂၀၀၇)၊ ဌာနေတိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း (၂၀၀၇)၊ " လူ့အခွင့်အရေးများမှ ဘာသာယုံကြည်မှု" ဆိုင်ရာ သည်ဟိဂ် ထုတ်ပြန်ချက် (၂၀၀၈)၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် တန်းတူညီမျှမှုဆိုင်ရာ ကမ်ဒန်းအခြေခံမူများ (၂၀၀၉)၊ ကိုးကွယ်သည့်ဘာသာ (သို့မဟုတ်) သက်ဝင်ယုံကြည်မှု ကိုအခြေခံ၍ သည်းမခံမှု၊ အပျက်သဘောဆောင်သောပုံစံသွင်းခြင်း၊ အသရေပျက်စေခြင်း၊ ခွဲခြားဆက်ဆံမှုပြုခြင်း၊ အကြမ်းဖက်မှုကို လှုံ့ဆော်မှုပြုခြင်း နှင့် လူသားများအပေါ် အကြမ်းဖက်မှုပြုခြင်းတို့ကို တိုက်ဖျက်သည့် လူ့အခွင့်အရေးကောင်စီ၏ဆုံးဖြတ်ချက် ၁၆/၁၈ ( အီစတန်ဘူလ် လုပ်ငန်းစဉ် ၂၀၁၁)၊ ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု (သို့မဟုတ်) အကြမ်းဖက်မှုများကိုလှုံ့ဆော်ပေးသော အမျိုးသားရေး၊ လူမျိုးရေး (သို့မဟုတ်) ဘာသာရေးမုန်းတီးမှုကို အားပေးအားမြှောက်ပြုခြင်းအား တားမြစ်ခြင်းဆိုင်ရာ ရာဘတ် လုပ်ဆောင်မှုအစီအစဉ် (၂၀၁၂)၊ ကြမ်းကြုတ်ရက်စက်သော ရာဇဝတ်မှုအတွက် ခွဲခြမ်းစိတ်ဖြာခြင်းမူဘောင် (၂၀၁၄)၊ အစွန်းရောက်အကြမ်းဖက်မှုကိုတားဆီးရန် အထွေထွေအတွင်းရေးမှူးချုပ်၏ လုပ်ဆောင်မှု အစီအစဉ် (၂၀၁၅

တို့အပြင် ကြမ်းကြုတ်ရက်စက်သော ရာဇဝတ်မှုများ ဖြစ်ပေါ်စေနိုင်သောအကြမ်းဖက်မှုများအား လှုံ့ဆော်မှုကို တားဆီးမည့် ဖက်ဖ် ကြေညာစာတမ်း (၂၀၁၅) တို့ပါဝင်သည်။

[vii] အချို့သောအခြေအနေများ အထူးသဖြင့် နိုင်ငံတော်အစိုးရမဟုတ်သည့်အဖွဲ့များသည် နယ်မြေနှင့်လူဦးရေကို သိသိသာသာ/ထိရောက်စွာ ထိန်းချုပ်ထားသည့်အခါ (ဥပမာအားဖြင့် အစိုးရအာဏာပိုင်များကဲ့သို့) ၎င်းတို့သည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးများကို တာဝန်ထမ်းဆောင်သူများအဖြစ် လေးစားရန်လည်း ဝတ္တရားရှိသည်။ ( UN Docs.CEDAW/C/GC/30, စာပိုဒ် ၁၆ နှင့် A/HRC/28/66, စာပိုဒ် ၅၄-၅၅ တို့ကိုကြည့်ပါ။ )

[viii] UN Doc. A/HRC/22/17/Add.4 ဖြည့်စွက်ချက်၊ နောက်ဆက်တွဲ၊ စာပိုဒ် ၃၆ ကိုကြည့်ပါ။